# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# တတိယနေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
## (၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး သုမင်္ဂလာ အပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၇၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၆၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များစာရင်းကို ကျန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၈ ရက်၊

(၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၃ ရက်၊

(၃) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၃ ရက်၊

(၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၃ ရက်၊

မူကြမ်း

(၅) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လိုင် ခွင့် ၂ ရက်၊

(၆) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၇) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၃ ရက်၊

(၈) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၃ ရက်၊

(၉) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၀) လဲချားမဲဆန္ဒနယ် ဦးစိုင်းမောင်တင် ခွင့် ၂ ရက်နှင့်

(၁၁) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မြန်မာနိုင်ငံအတွင်း ရာသီဥတုဖောက်ပြန်မကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို မထိခိုက်စေရန် မည်ကဲ့သို့ အစီအမံများ ချမှတ်လုပ်ဆောင်နေပါသနည်းနှင့် အမျိုးသားရေသိုလှောင်ရေးလပ်ရှားမ(National Water Harvesting Campaign-NWHC)အား မည်သို့ အကောင်အထည်ဖော်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအဓိကထား လုပ်ဆောင်တဲ့နိုင်ငံဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်မှုများ ဘယ်လိုပဲရှိစေကာမူ စိုက်ပျိုးရေးလုပ်ငန်းကို အတတ်နိုင်ဆုံးအောင်မြင်မရရှိအောင် ကြိုးပမ်းအားထုတ်ကြရပါတယ်။ မိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းကို ထိခိုက်မများရှိလာနိုင်ပါတယ်။ ယခုနှစ် မြန်မာနိုင်ငံရဲ့ရာသီဥတုဟာ ထူးခြားမရှိတဲ့နှစ်တစ်နှစ်ဖြစ်ပါတယ်။ မိုးဦးကာလမှာ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းစတဲ့ သဘာဝဘေးအခြေအနေများနဲ့ ရင်ဆိုင်ကြုံ တွေ့ခဲ့ရပါတယ်။ ၎င်းအခြေအနေများကိုသုံးသပ်ပြီး ရာသီဥတုနဲ့ လိုက်လျော့ညီထွေမရှိတဲ့ စိုက်ပျိုးရေးကိုအောင်မြင်ဖို့ ဆောင်ရွက်နိုင်ရန်အရေးကြီးလှပါတယ်။ ဒါမှသာ ရာသီဥတုစိန်ခေါ်မကို ကျော်လားပြီး စိုက်ပျိုးထုတ်လုပ်မများ မကျဆင်းအောင်ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ယခု ၂၀၁၅ ခုနှစ် စိုက်ပျိုးရေးရာသီမှာ အယ်နီညိုရာသီဥတုရဲ့အကျိုးသက်ရောက်မများ ဖြစ်ပေါ်လာနိုင်တယ်လို့ ပညာရှင်များက ခန့်မှန်းထားကြပါတယ်။ အဲဒီအခြေအနေများကြောင့် စိုက်ပျိုးရေ၊ သောက်သုံးရေ အခက်အခဲများ ကြုံ တွေ့လာနိုင်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေသိုလှောင်မ မိုးဦးရာသီစိုက်သီးနှံများ အောင်မြင်ရေရရှိမနဲ့ ဆောင်းရာသီသီးနှံများ အစိုဓာတ်လုံလောက်မရရှိရန် အစီအမံများအဖြစ် အမျိုးသားရေသိုလှောင်ရေးလပ်ရှားမ(National Water Harvesting Campaign-NWHC) တစ်ရပ်ကို အကောင်အထည်ဖော်ရန် လိုအပ်လာပါတယ်။ ရေသိုလှောင်ထိန်းသိမ်းရေး အစီအမံများ တိုးချဲ့ဆောင်ရွက်ရမှာဖြစ်သော်လည်း ရေရရှိရန်အလွန်နည်းပါးတဲ့ဒေသများမှာ သီးနှံစိုက်ပျိုးမပုံစံ

များပြောင်းလဲဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ ဥပမာအားဖြင့် စပါးစိုက်ပျိုးရန် ရေလုံလောက်စွာ မရရှိခဲ့ပါက စိုက်ပျိုးရေများစွာမလိုတဲ့ ပဲအမျိုးမျိုးနဲ့ အခြားသီးနှံများ စိုက်ပျိုးခြင်းဖြင့် သီးနှံဆုံးရှုံးမများ ကာကွယ်နိုင်မှာဖြစ်ပါတယ်။ သက်ရင့်မျိုးများကို စိုက်ပျိုးခြင်းဖြင့် ရက်အနည်းငယ်နဲ့သာ စိုက်ပျိုး နိုင်တဲ့သီးနှံများကို ရွေးချယ်စိုက်ပျိုးသင့်ပါတယ်။ ဒါကြောင့်မို့လို့ အောက်ပါမေးခွန်းများကို မေးမြန်း အပ်ပါတယ်။ (၁) ရာသီဥတု ဖောက်ပြန်စိန်ခေါ်မများကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို မထိခိုက် စေရန် ဘယ်လိုအစီအမံများ ချမှတ်လုပ်ဆောင်နေပါသလဲ။ (၂) အမျိုးသားရေသိုလှောင်ရေး လပ်ရှားမ(Water Harvesting Canpaign-NWHC)ကို မည်သို့ အကောင်အထည်ဖော်ဆောင်ရွက် မည်ကိုသိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ မင်္ဂလာပါလို့ ဝတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းဖြစ်ပါတယ်။ မန္တလေး တိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဖြေကြား သွားမှာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးမှာ သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံ တွေ့ရတဲ့ နည်းတူ မြန်မာနိုင်ငံဟာလည်းပဲ ရာသီဥတုဖောက်ပြန်မကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းစသည့် ရာသီဥတုဖောက်ပြန်မများကြောင့် သီးနှံများ ပျက်စီးခြင်းနှင့် ပိုးမွှားရောဂါကျရောက်ခြင်း ဘေးအန္တရာယ်များနဲ့ ကြုံတွေ့နေရပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဟာ ရာသီဥတုဖောက်ပြန်မကြောင့် စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်တဲ့ သီးနှံများထိခိုက်ပျက်စီးမကို လျော့နည်းသက်သာစေရန်အတွက် လွန်ခဲ့တဲ့သုံးနှစ် လောက်ကစတင်ပြီးတော့ Research and Development များ စစ်တမ်းများကောက်ယူကာ အောက်ပါ နည်းလမ်းများ အတိုင်းဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက် နိုင်သည့်ဒေသများမှာ ပြောင်းလဲလာတဲ့ ရာသီဥတုနှင့်လိုက်လျောညီထွေရှိပြီး ရေလိုအပ်ချက်

နည်းပါးတဲ့ သက်ရင်စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ ဥပမာ- ရက်(၉၀)စပါး၊ ရက်(၇၀)စပါး စသည့် သက်ရင်မျိုးများနဲ့ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ မိုးကောင်းသောက်ဧရိယာများမှာ Cropping Pattern အရ ရေငတ်ဒဏ်ခံနိုင်တဲ့ ပဲတီစိမ်းနှင့်ပဲစဉ်းငုံ သီးညပ်ပုံစံစိုက်ပျိုးပြီး ပဲတီစိမ်းရိတ်သိမ်းပြီးလို့ရှိရင် မိုးလယ်နှမ်း သို့မဟုတ် မိုးလယ်မြေပဲကို သီးနှံပုံစံပြောင်းလဲစိုက်ပျိုးစေခြင်း၊ Mixed Cropping နည်းအရ သီးနှံသစ်တောရောနှောစိုက်ခင်းပုံစံဖြစ်တဲ့ နှစ်ရှည်ပင်သရက်နှင့် မိုးနှမ်း၊ ပဲတီစိမ်း၊ မြေပဲ သီးညပ်စိုက်ပျိုးစေခြင်း၊ စပါးစိုက်ပျိုးရန် ရေမသေချာတဲ့ ဒေသတွေမှာ Crop Diversification နည်းအရ စပါးအစားရေလိုအပ်ချက်နည်းပါးတဲ့ စီးပွားရေးတွက်ခြေကိုက်တဲ့ သီးနှံများကိုပြောင်းလဲ စိုက်ပျိုးစေခြင်း၊ မိုးနည်းရေရှားဒေသများမှာ နှစ်စဉ်စိုက်ပျိုးနေတဲ့ မိုးသီးနှံများဟာ မိုးခေါင်မဒဏ်ကြောင့်မို့ ပျက်စီးဆုံးရှုံးရတဲ့ နှစ်စဉ်အတွေ့အကြုံများအရ စီးပွားရေးတွက်ခြေကိုက်တဲ့ သီးနှံများကို ပြောင်းလဲစိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာ-တင်ပြရမယ်ဆိုလို့ရှိရင် ကျန်တော်တို့ မြိုင်၊ ဆားလင်းကြီးစတဲ့ ဒေသတွေမှာ ယာမြေတွေမှာ မိုးနှမ်းဟာ နှစ်စဉ်ပျက်စီးနေတဲ့အတွက် စီးပွားရေးတောင်သူများအကျိုးရှိတဲ့ သနပ်ခါး၊ အရာတော်မြို့နယ်လို ဒေသတွေမှာဆိုလို့ရှိရင် မိုးနှမ်းနှစ်စဉ်ပျက်စီးဆုံးရှုံးမအတွက် ဆင်ရွေးပင်စတဲ့ သီးနှံများ၊ တမူးမြို့နယ်လို ဒေသတွေမှာဆိုလို့ရှိရင် မျှောက်ငိုပင်စတဲ့ တောင်သူလယ်သမားစိုက်ပျိုးသူများအတွက် အကျိုးစီးပွားတွက်ချေကိုက်တဲ့ သီးနှံများကို ပြောင်းလဲစိုက်ပျိုးစေခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင်ရေကြီးနစ်မြုပ်မဒဏ်ခံနိုင်သော စပါးမျိုးများပြောင်းလဲစိုက်ပျိုးစေခြင်း၊ ရေမြုပ်ဒဏ်ခံနိုင်တဲ့ ဆင်းသွယ်လတ်စပါး၊ ရေနက်ခံစပါးများကို သုတေသနပြုလုပ်ပြီးတော့ စတင်စိုက်ပျိုးဆောင်ရွက်စေခြင်း၊ ရာသီဥတုဖောက်ပြန်မကြောင့် မိုးခေါင်ရေရှားဒေသတွေမှာ ရာသီဥတုထိန်းသိမ်းဖို့အတွက် ကန်သင်းများတွင် သရက်၊ ထန်း၊ လဲမို့နှင့် လျှော်ဖြူပင်များကို စိုက်ပျိုးခြင်းများဖြင့် အပိုဝင်ငွေရရှိအောင်ဆောင်ရွက်ပေးခြင်း၊ Agrono Technique အရ မိုးကောင်းသောက်ယာမြေများမှာ မိုးကြိုကာလမှာ မိုးကြိုထယ်ရေးခံထားခြင်းဖြင့် ရွာသွန်းမည့်မိုးရေများကို စီးဆင်းဆုံးရှုံးမမရှိစေရန် စိုက်ပျိုးမည့်ယာသီးနှံများမှာ စုဆောင်းသိုလှောင်နိုင်တဲ့အတွက် မိုးကြိုထယ်ရေးများပြုလုပ်စေခြင်း၊ မိုးရေကို ထိန်းသိမ်းနိုင်ရန်အတွက် သဘာဝမြေဩဇာများကို ထည့်သွင်းပြီးတော့ မြေရဲ့ရူပဂုဏ်သတ္တိစသည်များကို ပြောင်းလဲစေခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားများ ရာသီအလိုက် လိုက်နာဆောင်ရွက်ရမယ့် စိုက်ပျိုးနည်းပညာများ၊ နိုင်ငံပိုင် ရုပ်မြင်သံကြားနဲ့ သတင်း

စာများ၊ တောင်သူလယ်သမားကဏ္ဍ(Farmer Channel)ရုပ်သံလိုင်းနဲ့ ဂျာနယ်များမှတစ်ဆင့် နှိုးဆော်ချက်များကိုလည်း ထုတ်ပြန်ပေးလျက်ရှိပါတယ်။

အမျိုးသားရေးသိုလှောင်ရေးလပ်ရှားမ(National Water Harvesting Campaign-NWHC)ကို မည်သို့အကောင်အထည်ဖော်မည်နည်းအား သိရှိလိုခြင်းနှင့်ပြီးတော့ ရာသီဥတုဖောက်ပြန်မများ ဖြစ်ပေါ်လာပါက စိုက်ပျိုးရေအခက်အခဲမရှိစေဖို့အတွက် မူလရှိထားပြီးတဲ့ ရေလှောင်တမံများဖြင့် ရေပေးဝေလျက်ရှိသော ဒေသများမှာ အောက်ပါလုပ်ငန်းအစီအမံများကို ဆောင်ရွက်လျက်ရှိပါတယ်။

တည်ဆောက်ပြီးရေလှောင်တမံနှင့် ရေထိန်းအဆောက်အအုံများ၏ လိုအပ်ချက်များကိုပြင်ဆင်ပေးခြင်း၊ ရေပေးမြောင်းများတွင် ရေဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် ပြုပြင်ဆောင်ရွက်ပေးခြင်း၊ ရေအသုံးပြုသူတောင်သူများသို့ လက်တွေ့ကျ၍အကျိုးရှိဆုံးသီးနှံပုံစံတွဲများကို စိုက်ပျိုးစေခြင်းဖြင့် ထိရောက်တဲ့ရေစီမံခန့်ခွဲမဆိုင်ရာ ပညာပေးသင်တန်းများကို ဖွင့်လှစ်ပို့ချပေးခြင်း၊ မိုးရွာသွန်းမနည်းပါးတဲ့ဒေသတွေမှာ စိုက်ပျိုးရေနှင့်သောက်သုံးရေ အခက်အခဲမရှိစေဖို့အတွက် အောက်ပါလုပ်ငန်းအစီအမံများကိုလည်း အမျိုးသားရေသိုလှောင်ရေးလပ်ရှားမ (National Water Harvesting Campaign-NWHC) အသွင်ဖြင့်ဆောင်ရွက်လျက်ရှိပါတယ်။

ကျေးရွာများ၌ မြေသားမိုးရေသိုလှောင်ကန်များ တည်ဆောက်တဲ့နည်းလမ်း ဥပမာ-မန္တလေးတိုင်းဒေသကြီး၌ ကန်ငယ်ပေါင်း ၄၀၀ ကျော်ကိုပြန်လည်ပြုပြင်ခြင်းနှင့် တည်ဆောက်ပေးခြင်း၊ မိုးရေများမြေကြီးအတွင်းသို့ဝင်ရောက်စေ၍ အစိုဓာတ်ကို ကာလအတိုင်းအတာအထိ ထိန်းသိမ်းသွားနိုင်တဲ့ နည်းလမ်းများကို ဆောင်ရွက်လျက်ရှိခြင်း၊ စက်ရေတွင်းများတူးဖော်ပြီးတော့ မြေအောက်ရေထုတ်ယူသုံးစွဲတဲ့နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိခြင်း ဥပမာ-မိတ္ထီလာမြို့နယ်မှာ ကျေးရွာပေါင်း ၉၃ ရွာမှာ ရေတွင်းပေါင်း၊ စက်ရေတွင်းပေါင်း ၃၅၃ တွင်း တူးဖော်ပေးခြင်း၊ မြေအောက်ရေအခြေအနေပေးတဲ့ သဲချောင်းများမှာ မြေအောက်ရေစုကန်(Underground Water Storage Reservoir)များ တည်ဆောက်ပြီးတော့ ရေစုဆောင်းဖြန့်ဖြူးတဲ့နည်းလမ်း အထူးသဖြင့် အပူပိုင်းဇုံဒေသတွေမှာ ဆောင်ရွက်လျက်ရှိခြင်း၊ ယခု တောင်တွင်းကြီးမြို့နယ်မှာ စမ်းသပ်ဆောင်ရွက်တဲ့အခါမှာ အောင်မြင်လျက်ရှိကြောင်း တွေ့ရှိပါတယ်။ ရေလေလွင့်မနည်းပါး၍ ထိရောက်စွာပေးဝေနိုင်တဲ့ ပိုက်လိုင်းများမှတစ်ဆင့် ရေအစက်ချ၍ပေးဝေတဲ့နည်းလမ်း(Drip Irrigation with Pipeline

System)နှင့် ပိုက်လိုင်းများမှတစ်ဆင့်ရေဖျန်းတဲ့စနစ် ပေးဝေသောနည်းလမ်း(Spinkler Irrigation with Pipeline System)များကို စတင်သုံးစွဲစေခြင်း၊ သောက်သုံးရေအတွက် ကျေးရွာရှိနေအိမ် အချို့မှာ စဉ့်အိုး၊ အုတ်ရေကန် စသည်ဖြင့် မိုးရွာစဉ်မှာ သောက်ရေအတွက် ရေသိုလှောင်ထားနိုင်တဲ့ နည်းလမ်းများကို ဆောင်ရွက်လျက်ရှိခြင်း၊ ရေဘေးကာကွယ်ရေးအတွက် သဘာဝချောင်းမြောင်း များကို ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ စီမံဆောင်ရွက် ထားမယ့်နည်းလမ်းများကို တစ်နိုင်ငံလုံးမှာ အမျိုးသားရေသိုလှောင်ရေး လုပ်ရှားမှုအသွင်ဖြင့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီရဲ့ ဦးဆောင်မှုဖြင့် စီမံချက်များရေးဆွဲ၍ ဆောင်ရွက် လျက်ရှိပါကြောင်းနှင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပင်လယ်ရေငန်ဒဏ် ခံနိုင်ရည်ရှိသော စပါးမျိုးစေ့တစ်မျိုးကို အောင်မြင်စွာစမ်းသပ်တီထွင်နိုင်ခဲ့ခြင်း ဆိုသည်မှာ မှန်ပါသလား၊ ၎င်းစပါးမျိုးစေ့၏ အရည်အသွေးအချက်အလက်များကို စုံလင်စွာ သိရှိလို ခြင်းနှင့် ရေငန်ဝင်ရောက်၍ စပါးပျက်စီးရသော မြို့နယ်၊ ဒေသအားလုံးတို့အား အဆိုပါစပါးမျိုးစေ့ကို ဖြန့်ဝေပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြီးနှင့် ကြွရောက်လာကြကုန်သော ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံးကို ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီး မင်္ဂလာပါလို့ ဝတ်နွှဲးဆက်သဂါရဝပြု အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချောင်းဆုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်လှမောင် ဖြစ်ပါတယ်။ ပင်လယ်ရေငန်ဒဏ်ကို ခံနိုင်ရည်ရှိသော စပါးမျိုးစေ့အကြောင်းနှင့် ပတ်သက်ပြီးတော့ သိရှိလိုသောအချက်များကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ ပင်လယ်ကမ်းခြေအနီးတစ်ဝိုက်ရှိ မြို့နယ် များ၏ လယ်ယာများတွင် ပင်လယ်ရေငန်ဝင်ရောက်၍ စိုက်ပျိုးစပါးများ ပျက်စီးဆုံးရှုံးမရှိကြပါသဖြင့် တောင်သူလယ်သမားများသည် စိုက်ပျိုးစရိတ်၊ မျိုးစပါးစရိတ် စသည်များ ဆုံးရှုံးကြပြီး အခက်အခဲများ နှင့် တွေ့ကြုံကြရပါကြောင်း ကြားသိရပါတယ်။ အဆိုပါအခက်အခဲများမှ ကျော်လွှားလွန်မြောက်နိုင် ရေးအတွက် မြန်မာနိုင်ငံစိုက်ပျိုးရေးသုတေသနဌာန၊ စပါးမျိုးပွားရေးဥယျာဉ်မှ ပင်လယ်ရေငန်၏

ဒဏ်ကို ခံနိုင်ရည်ရှိသော စပါးမျိုးစေ့တစ်မျိုးကို စမ်းသပ်တီထွင်၍ အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပါကြောင်း ကြားသိရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါစပါးမျိုးစေ့အကြောင်းနှင့်စပ်လျဉ်းပြီး သိရှိလိုသော အောက်ဖော်ပြပါအချက်များကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်။ (၁) မြန်မာနိုင်ငံစိုက်ပျိုးရေးသုတေသနဌာနမှ စပါးမျိုးပွားဥယျာဉ် ပင်လယ်ရေငန်ဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးစေ့တစ်မျိုးကို အောင်မြင်စွာစမ်းသပ်တီထွင်နိုင်ခဲ့ခြင်းဆိုသည်မှာ မှန်ကန်ပါသလား။ (၂) ၎င်းစပါးမျိုးစေ့သည် ပင်လယ်ရေငန်၏ဒဏ်ကို မည်သည့်အတိုင်းအတာအထိ ခံနိုင်ရည်ရှိပါကြောင်းနှင့် ၎င်းစပါး၏ ကောင်းမွန်သောအရည်အသွေး၊ အချက်အလက်များကို စုံလင်စွာ သိရှိလိုပါကြောင်းနှင့် (၃) အဆိုပါစပါးမျိုးစေ့ကို မြန်မာနိုင်ငံအတွင်း ရေငန်ဝင်ရောက်၍ စပါးပျက်ရသော မြို့နယ်၊ ဒေသအားလုံးသို့ ဖြန့်ဝေပေးရန်အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိမည်ဆိုပါက မည်သည့်ကာလတွင် ဖြန့်ဝေမည်ဖြစ်ကြောင်းနှင့် အစီအစဉ်မရှိပါက အဘယ်အကြောင်းအရာများကြောင့် ဖြစ်သည်ဆိုတာကို သိရှိလိုပါကြောင်း ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဆက်လက်ပြီး မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင် (ခေါ်) ဦးနိုင်လှမောင်ရဲ့ မေးခွန်းကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနဟာ မြန်မာနိုင်ငံရဲ့ စပါးစိုက်ဧက သုံးသန်းကျော်ရှိတဲ့ဒေသများအတွင်း ဆားငန်ခြင်းပြဿနာနှစ်မျိုးကြုံတွေ့ရသော မြစ်ဝကျွန်းပေါ်၊ ပင်လယ်ကမ်းရိုးတန်းဒေသ ဆားပေါက်မြေများနှင့် ကုန်းတွင်းပိုင်းဒေသဖြစ်တဲ့ ဆပ်ပြာပေါက်မြေများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်တဲ့ ဆားငံဒဏ်ခံနိုင်ရည်ရှိတဲ့ အထွက်ကောင်းစပါးမျိုးများ မွေးမြူရွေးချယ်ထုတ်လုပ်ခြင်းကို အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန AD နှင့် ထိုင်းနိုင်ငံ ဇီဝနည်းပညာဌာနတို့ပူးပေါင်းပြီးတော့ လွန်ခဲ့တဲ့နှစ်နှစ်ကျော်လောက်ကတည်းက သုတေသနပြု စမ်းသပ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ သုတေသနလုပ်ငန်းများကို ဒေသအလိုက်၊ မျိုးအလိုက် စမ်းသပ်လေ့လာမ

အဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်းမှာ ဆားငန်ခံဆင်းသွယ်လတ်စပါးမျိုးနှင့် ၂၀၁၄ ခုနှစ်မှာ ပြည်မြန်မာစိန် စတဲ့ ဆားငန်ခံစပါးနှစ်မျိုးကို ဖော်ထုတ်ရရှိပြီး စတင် ဖြန့်ဖြူးပေးခဲ့ပါ တယ်။ ဆားငန်ခံဆင်းသွယ်လတ်မျိုးဟာ ဧည့်မထအုပ်စုဝင်ဖြစ်ပြီး အသက်ရက် ၁၄၂ ရက်၊ အပင် အရပ် အမြင့် ၄.၃ ပေရှိကာ တစ်ဧကလျင် တင်း ၇၀ အထက် ထွက်ရှိတဲ့ စပါးမျိုးဖြစ်ပါတယ်။ ဆန်အရည် အသွေးအနေနဲ့ စားသုံးမကောင်းခြင်း၊ ဆန်သားကြည်လင်ရှည်သွယ်ခြင်းတို့အပြင် ဆားပြင်းအား ၆ dS/m အထိ ခံနိုင်ရည်ရှိသော သက်လတ်စပါးမျိုးဖြစ်ပါတယ်။ ပြည်မြန်မာစိန်စပါးမျိုးဟာ ဧည့်မထ အုပ်စုဝင်ဖြစ်ပြီး၊ အသက်ရက် ၁၂၀ ရက်၊ အပင်အရပ်အမြင့် ၃.၅ ပေရှိကာ၊ တစ်ဧကမှာ တင်း ၇၀ ကနေ တင်း ၁၀၀ ထွက်ရှိနိုင်တဲ့ စပါးမျိုးကို ရရှိခဲ့တာဖြစ်ပါတယ်။ စားသုံးမကောင်းပြီး ဆန်သား ကြည်လင်ရှည်သွယ်ခြင်းတို့အပြင် ဆားပြင်းအား ၆ dS/m အထိ ခံနိုင်ရည်ရှိတဲ့အတွက် မြစ်ဝကျွန်း ပေါ်၊ နွေစပါးစိုက်ဒေသများနှင့် မိုးနည်းရေရှား၊ ဆပ်ပြာပေါက်မြေ အချို့ဒေသတွေမှာ စိုက်ပျိုးဖြစ်ထွန်း မရှိတဲ့ သက်ရင်စပါးမျိုး တစ်မျိုးဖြစ်ခဲ့ပါတယ်။

ဎင်းစပါးမျိုးများအတွက် အခြေခံမိဘမျိုးစေ့ထုတ်လုပ်ခြင်းကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံဌာနခွဲကနေပြီးတော့ နှစ်စဉ်ပွားများဆောင်ရွက်လျက်ရှိပြီး ဆင့်ပွားမျိုးစေ့နှင့် မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်လုပ်ခြင်းတို့ကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိတဲ့ မြောင်းမြသုတေသနခြံ၊ မှော်ဘီသုတေသနခြံ၊ စိုက်ပျိုးရေးဦးစီးဌာနအောက်မှာရှိတဲ့ ပုသိမ် သရောင်းချောင်းမျိုးစေ့ခြံ၊ ဖျာပုံ အောက်ကွင်းကြီးမျိုးသန့်ခြံတို့မှာ မျိုးစေ့အဆင့်ဆင့်ပွားများ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ထိုအပြင် ၂၀၁၄-၂၀၁၅ ခုနှစ် မိုးရာသီမှာ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ဒေသတွေမှာ လိုအပ်သော ဆားငန်ခံ စပါးမျိုးသန့်မျိုးစေ့များကို တောင်သူလက်ဝယ်အရောက် တစ်နိုင်တစ်ပိုင် ဖြန့်ဖြူးပေးခဲ့ပါတယ်။ မွန်ပြည်နယ်မှာဆိုရင် ၂၀၁၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ၂၀၂ တင်း ဖြန့်ဖြူးပေး နိုင်ခဲ့ပြီး ဧကပေါင်း ၁၀၀၀၀ ခန့် စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ဆားငန်ရေဝင်ရောက်လေ့ရှိတဲ့ ဒေသများမှ ဆားငန်ခံစပါးမျိုးလိုအပ်ချက်ကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီး ဌာနတို့မှ ဌာနပိုင်ခြံများအပြင် ပုဂ္ဂလိက မျိုးစေ့ထုတ်ကုမဏီများနှင့်ပူးပေါင်းပြီးတော့ ယခု ထုတ်လုပ် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**တမူးခရိုင်ရှိ အလျော်ကျေးရွာ၊ ပွတ်သာကျေးရွာနှင့် ခမိတ်ကျေးရွာ ဆိုလာမီးရရှိရေးနှင့် မြို့သစ်-ရွာသာ-မွေလင်း-တုံးမန-ထုံကတင်-နောင်ကက်ရွာ မြေသားလမ်းပေါ်ရှိ (ပေ ၁၀၀) သစ်သားတံတားနှင့်**

**ထုံကတင်ရွာအနီးရှိ ကသဲအင်း(ပေ၈၀) တံတား(၂)စင်းတို့အား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရေ(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တမူးခရိုင်အတွင်း ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုကြောင့် ရွာလုံးကျွတ်ရေနစ်မြုပ်သဖြင့် အလှော်ကျေးရွာ၊ ပွတ်သာကျေးရွာနှင့် ခမိတ်ကျေးရွာများသည် ကျေးရွာများပြောင်းရွှေ့ကြမည့် အနေအထားရှိလာပါတယ်။ အလှော်နှင့် ပွတ်သာကျေးရွာများသည် တိုင်းဒေသကြီးအစိုးရမှပေးသော ဆိုလာမီးရရှိပြီးဖြစ်သော်လည်း ယခုရေကြီးမှုကြောင့် ဆိုလာမီးများအားလုံး ပျက်စီးခဲ့ကြရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါအလှော်ကျေးရွာ၊ ပွတ်သာကျေးရွာနှင့် ခမိတ်ကျေးရွာ ဆိုလာမီးရရှိနိုင်ရေး မည်သို့စီမံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ရေကြီးရေလျှံမှုကြောင့် မြို့သစ်-ရွာသာ-မွေလင်း-တုံးမန-ထုံကလင်-နောင်ကက်ရွာ-မြေသားလမ်းပေါ်ရှိ ဆောင်ရွက်ပြီးသော ပေ ၁၀၀ ရှိ သစ်သားတံတားတစ်စင်းနှင့် ထုံကလင်ကျေးရွာအနီးရှိ ကသဲအင်းတံတား ပေ ၈၀ တံတား ပျက်စီးသွားခဲ့သဖြင့် သက်ဆိုင်ရာဌာနကလည်း အဆင့်ဆင့်တင်ပြထားပြီးဖြစ်ပါ၍ အဆိုပါတံတား(၂)စင်းအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာပထမဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရေရဲ့ မေးမြန်းချက်နှင့်ပတ်သက်ပြီး ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးကနေပြီး

တော့ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခင်မောင်ရေက ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာဖြင့် ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းပေးတဲ့အတွက် အထူးပင်ကျေးဇူး တင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်း နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၅၈၄.၆၂၃ သန်းဖြင့် လျှပ်စစ်မီးသွယ်တန်းခြင်း ကျေးရွာ ၄၅ ရွာ၊ ဆိုလာစနစ်ဖြင့် ကျေးရွာ ၁၉၄ ရွာ စုစုပေါင်း ကျေးရွာ ၂၃၉ ရွာတို့ကို ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့တဲ့ တမူးမြို့နယ်၊ ရွာသာ-တုံမန-ထိုကတင်-နောင်ကက်လမ်းပေါ်မှာရှိတဲ့ ၁၀၀ ပေ x ၁၅ ပေ သစ်သားတံတားမှာ မိုးသည်းထန်စွာရွာသွန်းပြီး သဘာဝဘေးအန္တရာယ်ကြောင့် မြို့သစ်ဘက် အခြမ်း တံတားအရှည် ၈၀ ပေခန့် ရေထဲမျောပါပျက်စီးသွားခဲ့မှုကို ပြင်ဆင်ဆောင်ရွက်မယ်ဆိုလို့ရှိရင် ငွေကျပ် ၄၈ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်ခင်ဗျား။ တမူးမြို့နယ်၊ ကသဲအင်းရွာတံတားမှာ မျောတိုင်၊ ဝါးကပ်ဖြင့် ယာယီတံတားဖြစ်ပြီး မိုးရာသီမှာ သွားလာ၍မရနိုင်ပါကြောင်းနှင့် ၈၀ ပေ x ၁၄ ပေ အုတ်ခုံခံ၊ သံဘောင်ယက်မ၊ သစ်သားကြမ်းခင်းတံတားအဖြစ် ဆောင်ရွက်မယ်ဆိုပါက ငွေကျပ် ၄၆.၆၄ သန်းခန့် ကုန်ကျမှာဖြစ်ပြီး ကျေးရွာခုနစ်ရွာ၊ အိမ်ခြေ ၉၄၈ အိမ်၊ လူဦးရေ ၃၀၁၂ ဦးတို့ကို အကျိုးပြုမှာ ဖြစ်ပါတယ်ခင်ဗျား။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၇၅၁၂.၀၄ သန်းဖြင့် ကတ္တရာလမ်း ၂၆ မိုင် ၅ ဖာလုံ၊ ကျောက်ချောလမ်း ၁၈၉ မိုင် ၃ ဖာလုံ၊ မြေသားလမ်း ၂၁၈ မိုင် ၃ ဖာလုံ၊ ကွန်ကရစ်တံတား ၆၄၅ ပေ၊ သစ်သားတံတား ၂၄၇၀ ပေ၊ ကွန်ကရစ်ရေကျော် ၃၇၀ ပေနှင့် Box Culvert ၁၆၉ ပေတို့ကို ဆောင်ရွက်ရန် ခွင့်ပြု ထားပြီးဖြစ်ပါတယ်။

တမူးမြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ငွေကျပ် ၁၃၅.၄ သန်းဖြင့် ကျေးရွာခုနစ်ရွာ ကွန်တောင်း(ရွာသစ်)၊ အင်ဒိုင်း၊ ရန်တိုင်းအောင်၊ ဝိတုတ် ရွာသစ်၊ ထန်းတပင်၊ ပန်းသာ၊ စွန်လည်ရွာမ စတဲ့ရွာတွေမှ အိမ်ခြေ ၆၇၇ အိမ်အတွက် ဆိုလာစနစ်ဖြင့်

ခွင့်ပြုခဲ့ပြီး ရန်ပုံငွေကျပ် ၅၃၇.၄၈ သန်းဖြင့် ကျောက်ချောလမ်းရှစ်မိုင်နှင့် မြေသားလမ်း ၁၂ မိုင်တို့ကို ဆောင်ရွက်ဖို့ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ တမူးမြို့နယ် အလျှော်ကျေးရွာ၊ ပွတ်သာကျေးရွာ၊ ခမိတ်ကျေးရွာ ဆိုလာမီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှ ခွင့်ပြုထားခြင်းမရှိသေးပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်မယ့် NEP(National Electrification Plan)မှာ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် တမူးမြို့နယ်အတွင်းမှာရှိတဲ့ သဘာဝဘေးအန္တရာယ်ရေဘေးကြောင့် ပျက်စီးတဲ့ တံတား(၂)စင်းအနက် ကသဲအင်းရွာတံတားကို ခွင့်ပြုငွေကျပ် ၄၆.၆၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာဆောင်ရွက်ပေးသွားမှာဖြစ်ပြီး ရွာသာ-တုံမန-ထိုကတင်-နောင်ကတ် လမ်းပေါ်မှာရှိတဲ့ ၁၀၀ ပေ x ၁၅ ပေ သစ်သားတံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ တင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဟိုပုန်းမြို့နယ်အတွင်းရှိ နမ့်ပါချီးရေချောင်းတံတားအား ကွန်ကရစ်တံတားအဖြစ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းဖေ(ဟိုပုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့နယ်အတွင်းရှိ နမ့်ပါချီးကျေးရွာအုပ်စု၊ မိုင်းလင်းကျေးရွာအုပ်စု၊ နားပုံကျေးရွာအုပ်စု၊ စနင်းဖောင်းဆိုင်ကျေးရွာ အုပ်စုတို့မှ ကျေးရွာပေါင်း ၂၂ ရွာဖြစ်သည့် မိုင်းလင်း၊ ဟဲခဲ၊ နောင်မွန်း၊ နမ့်ပါချီး၊ လွယ်ကျောက်၊ လွယ်ခေါ်၊ သုံယောင်၊ နမ့်ဆင်၊ လုံပိတ်၊ ဆပ်ဖုံ၊ ခုတ်လော်၊ ခိုထောင်း၊ နောင်နန်း၊ နားတစ်၊ ဖောင်းဆိုင်၊ ဟွေ့ကွတ်၊ ဟွေ့ဟုတ်၊ မတ်ခီးနု၊ နောင်ဆိုင်၊ တာမဲ၊ ပင်သင်၊ နောင်လိင်ကျေးရွာများမှ အိမ်ခြေပေါင်း ၂၇၀၀ ကျော်နှင့် လူဦးရေပေါင်း ၁၀၀၀၀ ဝန်းကျင်ခန့် အသုံးပြုနေသည့် အရေးကြီးဆုံးဖြစ်သည့် နမ့်ပါချီးရေချောင်းတံတားမှာ ပြည်သူများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ထားပြီး လူ၊ မြင်း၊ လားဖြင့်သာအသုံးပြု ဖြတ်သန်းသွားလာနေရလျက်ရှိပါတယ်။ အဆိုပါ တံတားကို ကွန်ကရစ်တံတားအဖြစ် ယာဉ်များဖြတ်သန်းသွားလာနိုင်အောင် တည်ဆောက်ပေးမည်ဆိုပါက အဆိုပါကျေးရွာအုပ်စု (၄) အုပ်စုအတွင်းမှ ထွက်ရှိသော စပါး၊ ပဲ၊ ပြောင်း၊ ဆီထွက်သီးနှံများ အစရှိသည့် ထွက်ကုန်သီးနှံများ ဈေးကွက်သို့အဆင်ပြေစွာ

ရောက်ရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံရှမ်းတိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေး များစွာ လွယ်ကူချောမွေ့နိုင်ရန်အတွက် နမ့်ပါချီးရေချောင်းတံတား အရှည် ၇၀ ပေအား ကွန်ကရစ်တံတားအဖြစ် ယာဉ်များဖြတ်သန်းသွားလာနိုင်အောင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်မှ အမြန်ဆုံး တည်ဆောက်ပေးရန်နှင့် တည်ဆောက်ပေးမည့်အစီအစဉ်နှင့် ပတ်သက်၍ ပြည်သူများ၏ ကိုယ်စား သိရှိလိုပါ၍ လတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ဟိုပုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေရဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ခင်မောင်အေးကပဲ ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခွန်သိန်းဖေရဲ့ စိတ်ပါဝင်စားစွာဖြင့် အခုလိုမေးမြန်းပေးတဲ့အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့နယ် အတွင်းမှာရှိတဲ့ နမ့်ပါချီးကျေးရွာအုပ်စုနှင့် ဆနင်းဖောင်းဆိုင်၊ မိုင်းလင်း၊ နားပုံနှင့် နားတစ်ကျေးရွာ အုပ်စု(၄)အုပ်စုကိုဆက်သွယ်တဲ့ လမ်းပေါ်မှာရှိတဲ့ နမ့်ပါချီးရေချောင်းတံတားရဲ့ လက်ရှိအခြေအနေမှာ အရှည် ၇၀ ပေရှိပြီးတော့ သစ်သားတံတားတစ်စင်းဖြစ်ပြီး ကျေးရွာ ၂၀၊ အိမ်ခြေ ၇၀၃ အိမ်နဲ့ လူဦးရေ ၃၃၂၀ ဦးတို့ကို အကျိုးပြုပါတယ်။ အဲ့ဒီတံတားကို ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်မယ်ဆိုလို့ ရှိရင် ငွေကျပ် ၇၀ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၁၂၂၈.၅၈၄ သန်းဖြင့် ကတ္တရာလမ်း ၂ မိုင်၊ ကျောက်ချောလမ်း ၁၂ မိုင် ၂ ဖာလုံတို့ကို ဆောင်ရွက်ရန်ခွင့်ပြုထားပြီး ဖြစ်ပါတယ်ခင်ဗျား။ ဟိုပုန်းမြို့နယ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၄၀၃.၄ သန်းဖြင့် ကျောက်ချောလမ်း ၅

မိုင် ဆောင်ရွက်ရန်ခွင့်ပြုထားပြီးဖြစ်သော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာတဲ့ ဟိုပုန်းမြို့နယ် အတွင်းမှာရှိတဲ့ နမ့်ပါချီးရေချောင်းတံတားဟာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြထားရှိခြင်း မရှိသေးပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေး အစီအစဉ်အတိုင်း လျာထားတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည် ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီခင်ဗျား။

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာနက နိုင်ငံခြားရင်းနှီးမြှုပ်နှံမဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ (က)အရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာနက နိုင်ငံခြားရင်းနှီးမြှုပ်နှံမ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းငြင့်ပြည့်စုံကြပါစေလို ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်းက တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်မတို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(ဆ)ကို အစားထိုးသွားမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမဥပဒေ ပုဒ်မ ၁၃ ရဲ့နောက်မှာ ပုဒ်မ ၁၃ ပုဒ်မခွဲ (က)အဖြစ် ထပ်ပြီးတော့ ဖြည့်စွက်သွားမှာဖြစ်ပါတယ်။ ဒီလို ကျွန်မတို့ပြင်ဆင်ရခြင်းရဲ့ ရည်ရွယ်ချက် ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်တဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမလုပ်ငန်းတွေနဲ့ စပ်လျဉ်း ပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တွေကို လုပ်ပိုင်ခွင့်ခွဲဝေသတ်မှတ်ပေးနိုင်ဖို့ ဖြစ်ပါ တယ်။ အဲဒီလို လုပ်ပိုင်ခွင့်ခွဲဝေသတ်မှတ်ပေးခြင်းအားဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်တွေ

မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ပိုမိုလျင်မြန်လွယ်ကူချောမွေ့လာပြီးတော့ အလုပ်အကိုင်အခွင့်အလမ်းတွေကလည်း ပိုပြီးတော့မြန်ဆန်စွာ ရရှိလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီရည်ရွယ်ချက်နဲ့ ကျနော်တို့ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမဥပဒေကို ပြင်ဆင်ခြင်းဖြစ်ပါတယ်။ သို့ပါ၍ ဒီဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံစဉ်းစားအတည်ပြုပေးပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျနော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျနော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကို ကော်မတီရဲ့ကိုယ်စား လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးမှ ပေးပို့လာပါသည်။

၂။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာနသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ လုပ်ပိုင်ခွင့် ခွဲဝေပေးနိုင်သည့် အခွင့်အာဏာနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းရန်၊

(ခ) တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ် ခွင့်ပြုပေးနိုင်ပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက် နိုင်သည့်အခွင့်အလမ်းများ ရရှိနိုင်စေရန်၊

(ဂ) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း ဖြင့် နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်တစ်ခုဖြစ်သည့် တိုင်းဒေသကြီးနှင့်ပြည်နယ် များအချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင် ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤပြင်ဆင်သည့်ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၃ ခု ပါရှိပါသည်။

(ခ) အပိုဒ် ၂ ကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

၂။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ဆ) တိုင်းဒေသကြီးနှင့်ပြည်နယ်များစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်း အမျိုးအစားအရလည်းကောင်း၊ သဘာဝအရင်းအမြစ် အနေအထားအရ လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်လာရေး အတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့် နိုင်ငံခြား

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) အပိုဒ် ၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃ ၏နောက်တွင် ပုဒ်မ ၁၃-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

၁၃-က။ ကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များသို့ မိမိ၏ လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွဲဝေသတ်မှတ်ပေးနိုင်သည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ လေးစားစွာ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာနက တင်သွင်းသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၀-၁၁-၂၀၁၅ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာနက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းငှင့်ပြည့်စုံကြပါစေ။ ကျွန်မတို့မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်မဒေါ်လဲ့လဲ့သိန်းက တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ကျွန်မတို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကဲ့သို့ပင် ကျွန်မတို့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များကို လုပ်ပိုင်ခွင့် ပိုပြီးတော့ပေးဖို့အတွက် ရည်ရွယ်ပြီးတော့ ကျွန်မတို့ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုပေးနိုင်တဲ့ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ စပ်လျဉ်းပြီးတော့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တွေကို လုပ်ပိုင်ခွင့်ပိုပေးခြင်းအားဖြင့် တိုင်းဒေသကြီးပြည်နယ်တွေမှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေဟာ ပိုပေါလာပြီး ပိုပေါများလာခြင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိလာခြင်း ထို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်တွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေရရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ စီမံ/စီးပွားဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပုဒ်မ ၁၁ ပုဒ်မခွဲ(ဇ)ကို အစားထိုးမှာဖြစ်ပါတယ်။ ဒီပုဒ်မ ၁၂ ရဲ့နောက်မှာ ပုဒ်မ ၁၂(က)အဖြစ် တစ်ပိုဒ်ကို ဖြည့်စွက်သွားမှာ ဖြစ်ပါတယ်။ သို့ပါ၍ ကျွန်မတို့ ဒီမြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းကို လွှတ်တော်က လက်ခံစဉ်းစားအတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

မူကြမ်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင် သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့အတွက် ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရေ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရေ ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးမှ ပေးပို့ လာပါသည်။

၂။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ရေးဆွဲ တင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လုပ်ပိုင်ခွင့် ခွဲဝေပေးနိုင်သည့် အခွင့်အာဏာနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ ထည့်သွင်းရန်၊

(ခ) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို စိစစ်ခွင့်ပြုပေး နိုင်ပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်စေရန်၊

(ဂ) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးရည်မှန်းချက်တစ်ခုဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၇-၁၁-၂၀၁၅ ရက်နေ့တွင် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုက်တက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မလက်မဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုတက်မဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဤ ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၃) ခုပါရှိပါသည်။

(ခ) အပိုဒ် ၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဇ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဇ) တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအမျိုးအစားအရလည်းကောင်း၊ သဘာဝအရင်းအမြစ်အနေအထားအရလည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေရေးအတွက်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ပိုင်ခွင့်များကို ခွဲဝေသတ်မှတ်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) အပိုဒ် ၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြုပ်နှံမှုဥပဒေ ပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၁၂-က။ ကော်မရှင်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ မိမိ၏လုပ်ပိုင်ခွင့်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွဲဝေသတ်မှတ်ပေးနိုင်သည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာနိုင်ငံသားများရင်းနှီးမြုပ်နှံမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၂၀-၁၁-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတနေ့ကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ

၁၉ ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးအောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊၁၀း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၀း၅၀ အချိန်တွင် ရပ်နားပါသည်။]